မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 8 , 2023 Volume 63, Number 6

၈.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၅၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၇.၀၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၂.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၇.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၆.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၈.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၇၅၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၉) လကျော် ကာလအတွင်း ပြည်ပသို့ ပဲတန်ချိန် ၁ ဒသမ ၃၈ သန်းကျော် တင်ပို့ထား


Source: Popular News Journal

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကိုးလကျော်ကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲတန်ချိန် ၁ ဒသမ ၃၈ သန်းကျော်တင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုနှစ် ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုတွင် မတ်ပဲတင်ပို့မှု အနေဖြင့် တန်ချိန် ၅ သိန်း ၇ သောင်းကျော်နှင့်ပဲတီစိမ်းတန်ချိန် ၄ သိန်း ၄ သောင်းကျော်ဖြင့် အများဆုံးတင်ပို့ထားကြောင်း သိရသည်။

ပဲမျိုးစုံတင်ပို့မှုမှ ပို့ကုန်ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရရှိထားပြီး ပင်လယ်ရေကြောင်းမှ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၂၁ သန်းကျော်နှင့် နယ်စပ်လမ်းကြောင်းမှ တန်ချိန် ၁ သိန်း ၇ သောင်းကျော် တင်ပို့ထားခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် အဓိကသီးနှံများအနေဖြင့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကို စိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုမှာတော့ ပဲအမျိုးမျိုးစိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပြီး ပဲမျိုးစုံတင်ပို့မှုသည်လည်း အဓိကပို့ကုန်စာရင်းတွင် ပါဝင်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းဇယားများအရ သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှလည်း အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်ရရှိထားကြောင်း သိရသည်။

**Source: Popular News Journal**

## တရုတ်နှင့်ဗီယက်နမ်သို့ တင်ပို့မှုရှိနေသော်လည်း ကြက်သွန်နီဈေး နှစ်လအတွင်း တစ်ပိဿာ ကျပ် ၂၀၀၀ ကျော် ကျဆင်း

မန္တလေးတိုင်းဒေသကြီးရှိ ကြက်သွန် အဓိကစိုက်ပျိုးသည့် မြစ်သားမြို့နယ်တွင် ကြက်သွန်တောဈေးသည် တရုတ်နှင့်ဗီယက်နမ်တို့သို့ တင်ပို့မှုရှိနေသော်လည်း ကြက်သွန်နီဈေးမှာ နှစ်လအတွင်း တစ်ပိဿာ ကျပ် ၂၀၀၀ ကျော် ဈေးကျဆင်း နေပြီး



https://news-eleven.com/article/244172

ကြက်သွန်ကုန်သည် အများစုဆုံးရှုံးနေသည်ဟု မြစ်သားမြို့နယ် ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

"အခု လက်ရှိက မြန်မာပြည်ကနေ တရုတ်နဲ့ဗီယက်နမ်ပါ ကြက်သွန်တွေ ဝယ်နေကြပါတယ်။ ဒါပေမဲ့ ဈေးကကျနေတယ်။ အခုနယ်ကွင်းဈေးက တစ်ပိဿာ ကျပ် ၁၂၀၀ ရှိတော့တာ။ အခင်းမှာ ဝယ်တဲ့ဈေးပေ့ါ။ တစ်လအတွင်းဆို တစ်ပိဿာ ၁၀၀၀ လောက်ဈေးကျတယ်။ နှစ်လအတွင်းဆိုရင် ၂၀၀၀ ကျော်လောက် ဈေးကျတယ်။ အဓိက ဈေးကျတာ ဝယ်လိုအားနဲ့ရောင်းလိုအားမမျှလို့ ဈေးကျတာပါ။ ရောင်းလိုအားကများလို့ကျတာပါ။ အခုလက်ရှိက စားဖိုဆောင်သီးနှံတွေ အကုန်ဈေးတက်ပြီး ကြက်သွန်နီဈေးတစ်ခုတည်း ဈေးကျနေတယ်။ ကိုယ့်ဘက်က ရောင်းချင်တာများနေတာ။ ပြီးတော့ ကြက်သွန်က ကုန်စိမ်းသီးနှံဖြစ်နေတော့ ထိန်းလို့မရဘူးဖြစ်နေတာ။ ရာသီက ကြက်သွန်က စိုတဲ့ရာသီဆိုတော့ ထိန်းလို့မရဘူး။ လှောင်လို့ရတဲ့ရာသီဆိုတော့ ထိန်းလို့ရမယ်။ စိုတဲ့အခါ ကြက်သွန်က အကြာကြီးထားမရတော့ဘူး။ လက်ထဲ ငါးရက်လောက်အပြင် အကြာကြီးထားမရဘူး။ ရာသီက စိုတဲ့ရာသီအပြင် ကြက်သွန်ကပါ စိုနေတော့ ထိန်းမရဘူးဖြစ်နေတယ်။ တောင်သူက ကြက်သွန်ကို အစိုတူးလို့မဟုတ်ဘူး။ ဒီရာသီက ကြက်သွန်ကိုအစိုတူးနေကြပါ။ တရုတ်၊ ဗီယက်နမ်ကို နယ်စုံဆိုရင် တစ်ရက်ကို တွဲ ကား ၁၀ စီးလောက် တင်ပို့ကြတယ်။ အခုက မြစ်သားနယ်တစ်ခုတည်း မဟုတ်တော့ဘူး။ မြင်းခြံ၊ တောင်သာ၊ ပခုက္ကူ နယ်ပေါင်းစုံကနေ ကြက်သွန်ထွက်လာပြီ ဆိုတော့ ဒီနယ်ကနေ နိုင်ငံခြားတင်ပို့မှုကို ပြောနေလို့ အကုန်မမှန်နိုင်ဘူး။ အခုလက်ရှိက တောင်သူက ကြက်သွန်အရင်းလောက်အထိ ရနေသေးတယ်။ တောင်သူဘက်က မရှုံးသေးဘူး" ဟု မန္တလေးတိုင်းဒေသကြီး စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ နာယက ဦးစိုးညွန့်က ပြောကြားသည်။

"အခုရှုံးနေတာက ကြက်သွန်ကုန်သည်တွေ အများစုရှုံးနေကြတယ်။ အခုအချိန်က ကြက်သွန်ကို ကြိုတင်ဝယ်ထားရတော့ လက်ရှိကုန်သည်ချိန်ထားတာ ပေါက်ဈေး ၁၆၀၀ ဈေးရှိတယ်။ အခုကွင်းမှာ ဝယ်ရတဲ့ဈေးက ၁၂၀၀ ဈေးရှိတယ်။ ကွင်းဈေး ၃၀၀၀ ကနေ တောက်လျှောက်ဈေးကျဆင်းလာတာ။ ကြားထဲမှာ ကြက်သွန်ဈေးကျတာ တစ်ခါမှမနားဘူး။ ဈေးဆက်တိုက်ကျလာတာ။ အဲဒီတော့ ဒီနှစ်ကုန်သည်တွေရှုံးတယ်။ အများစု ကုန်သည်တွေရှုံးကြတယ်။ မြင်းခြံ၊ ပခုက္ကူတို့မှာ အစိုစတွေ ၉၀၀ ကျော်ဈေးပေါက်တယ်ကြားတယ်။ အခြောက်စ ၁၁၀၀ ကျော်ဈေးရှိတယ်။ စိုတဲ့အစတွေ မတူးကြပါနဲ့လို့ အခုဈေးကွက်မှာ ပြောတာများနေတယ်။ တောင်သူတွေကိုလည်း အပြစ်ပြောလို့မရဘူးဖြစ်နေတယ်။ ဈေးရတုန်း တူးရောင်းနေတာဆိုတော့လေ" ဟု ဦးစိုးညွန့်က ပြောကြားသည်။

ယခင်နှစ်များက မိုးကြက်သွန်အသစ်များ ထွက်ရှိသည့်အချိန်တွင် ကြက်သွန်ဈေးကျဆင်းမှုရှိသော်လည်း ယခုနှစ် ကြက်သွန်စထွက်ချိန်စောပြီး ဈေးကောင်းရနေချိန်တွင် ကြက်သွန်အစိုများ တူးဖော်ရောင်းချနေမှုကြောင့် ဈေးပြန်လည်ကျဆင်းနေပြီး ဆက်လက်ပြီး တောင်သူနှင့်ကုန်သည် ထိန်းထိန်းသိမ်းသိမ်းမလုပ်ပါက ကြက်သွန်ဈေးကျဆင်းနိုင်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/244172

## သံဖြူဇရပ်မြို့နယ်အတွင်းမှထွက်ရှိသော ဆားကြမ်းတစ်ပိဿာ ၁၃၀ ကျပ်အောက် ရောက်ရှိနေသည့်အတွက် ဆားတောင်သူများ တွက်ခြေမကိုက်ဖြစ်နေ

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းမှထွက်ရှိသော ဆားကြမ်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် (၁၃၀) အောက်သို့ ရောက်ရှိနေသည့်အတွက် ဆားတောင်သူများတွက်ခြေမကိုက်ဖြစ်နေကြောင်း ၎င်းထံမှသိရသည်။

ယခုနှစ် ဇန်နဝါရီလဆန်းပိုင်း ကာလအတွင်း ဆားကြမ်းတစ်ပိဿာလျှင် (၂၅၀) ကျပ် ပေါက်ဈေးရှိနေရာမှ ယခု ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဆားကြမ်းတစ်ပိဿာလျှင် ကျပ် (၁၃၀) အောက်သာ ပေါက်ဈေးရှိတော့သည့်အတွက် ဆားတောင်သူများအနေဖြင့် တွက်ခြေကိုက်မှုမရှိတော့ကြောင်း သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာမှ ဆားတောင်သူတစ်ဦးက ပြောကြားသည်။

ဎင်းကဆက်လက်ပြီး “ဒီနှစ်ဆားရာသီမှာ စက်သုံးဆီဈေးကြီးတာရယ်၊ အလုပ်သမားစရိတ် တိုးမြှင့်ပေးရတာတွေကြောင့် ဆားကြမ်းဈေးနှုန်း တစ်ပိဿာ အနည်းဆုံး (၁၅၀) ကျပ် ပေါက်ဈေးရှိမှပဲ ဆားကြမ်းကိုရောင်းနိုင်မယ့် အနေအထားမျိုး ရှိပါတယ်။ အခုဆားကြမ်းပေါက်ဈေးက တစ်ပိဿာကို (၁၀၀) ကျပ်ကနေ (၁၂၀) ကျပ်၊ (၁၃၀) ကျပ်လောက်ပဲ ဈေးရတော့ ဘယ်လိုမှရောင်းမရဘူး။ အခုအချိန်ကလည်း ဆားထွက်များလာတဲ့အချိန်ဖြစ်တော့ ထုံးစံအတိုင်း ဈေးပြုတ်ဆင်းသွားတဲ့ သဘောလို့ယူဆရပါတယ်” ဟု ပြောကြားသည်။

လက်ရှိဆားရာသီအတွင်း ရာသီဥတုကောင်းမွန်နေသည့်အတွက် ဆားထွက်နှုန်းကောင်းမွန်သော်လည်း ဆားကြမ်း ဈေးနှုန်းအရ ဆားတောင်သူများအနေဖြင့် ရောင်းချခြင်းမပြုကြပဲ သိုလှောင်ထားကြကြောင်း ဆားတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။ “ပြီးခဲ့တဲ့ ဆားရာသီက ရာသီဥတုဒဏ်ကြောင့် ဆားကြမ်းအထွက်နှုန်းကကျသွားတယ်။ ဒါပေမယ့် ဈေးနှုန်းက တစ်ပိဿာကို ကျပ် (၂၀၀) ဝန်းကျင်လောက်နဲ့သွားနေတော့ နည်းနည်းလေးကာမိကြတယ်။ ဒီနှစ်မှာ ဆားရာသီအစ ရာသီဥတုကကောင်းတယ်။ ဆားထွက်လည်းကောင်းတယ်။ အဲဒီတော့ ဆားကြမ်းဈေးနှုန်းက ကျသွားတဲ့ သဘောမျိုးရှိပါတယ်” ဟု သံဖြူဇရပ်မြို့မှ ဆားလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မွန်ပြည်နယ်အတွင်း နေလှမ်းဆားထုတ်လုပ်မှုလုပ်ငန်းများအား မိုးရာသီအကုန် စက်တင်ဘာလလယ်ခန့်တွင် စတင် လုပ်ကိုင်ကြပြီး၊ ဒီဇင်ဘာလနှင့်ဇန်နဝါရီလများတွင် ဆားကြမ်းစတင် ထုတ်လုပ်ကြလေ့ရှိကြောင်းသိရသည်။ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာတွင် ဆားကွင်းဧကပေါင်း (၂၉၀၀) ခန့်ရှိပြီး၊ ရာသီဥတုမဖျက်ပါက ပုံမှန်အားဖြင့် ဆားပိဿာချိန် သိန်း (၃၀၀) ခန့်ထွက်ရှိကြောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ပင‌ကျေးရွာအပြင် ကျိုက္ခမီ၊ စက်စဲ နှင့် ဝဲကလောင်းကျေးရွာတို့တွင်လည်း ဆားလုပ်ငန်းများ လုပ်ကိုင်လျှက်ရှိကြောင်း၊ ထို့အပြင် ရေးမြို့နယ်နှင့် ပေါင်မြို့နယ်များအတွင်းလည်း နေလှမ်းဆားလုပ်ငန်းများရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/244171

## အထည်ချုပ်ကဏ္ဍသို့ တရုတ်ရင်းနှီးမှုအများဆုံးဝင်ရောက်

မြန်မာနိုင်ငံအတွင်း CMP စနစ်နှင့် လုပ်ကိုင်နေသည့် စက်ရုံ၊ အလုပ်ရုံများတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအများဆုံး ဖြင့် ဝင်ရောက်လုပ်ကိုင်နေကြကြောင်း သိရသည်။

ယင်းအပြင် တရုတ်(တိုင်ပေ)၊ ထိုင်း၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှလည်း ရင်းနှီးမြှုပ်နှံထားကြောင်း စာရင်းများအရ သိရသည်။ အများစုသည် အထည်ချုပ်လုပ်ငန်းဖြစ်ပြီး စက်ရုံ၊ အလုပ်ရုံ (၅၀၅) ရုံအထိရှိကာ ဖိနပ်ချုပ်လုပ်ငန်း (၄၈) ရုံ၊ ဆံပင်တုလုပ်ငန်း (၈) ရုံ၊ အခြားအိတ်ချုပ်လုပ်ငန်း၊ အားကစားဝတ်စုံ၊ အားကစားဖိနပ်နှင့် ခြေအိတ်ချုပ်လုပ်ငန်းတို့တွင် လုပ်ကိုင်နေသည့် စက်ရုံ/အလုပ်ရုံ (၁၇၇) ရုံ ရှိသည်။

မြန်မာနိုင်ငံမှ CMP လက်ခစား ချုပ်ပြီးအထည်များ ပြည်ပတင်ပို့မှုကနေ ယခုဘဏ္ဍာနှစ်၏ (၁၀) လအတွင်း အမေရိကန် ဒေါ်လာ ဘီလီယံကျော် ၄ ဒသမ ၄ ဘီလီယံကျော်ရရှိထားကြောင်း စာရင်းများအရ သိရသည်။

စာရင်းများအရ ဧပြီလတွင် ကန်ဒေါ်လာ (၁၈၅) သန်း၊ မေလတွင် ကန်ဒေါ်လာ (၃၈၄) သန်း၊ ဇွန်လတွင် ကန်ဒေါ်လာ သန်း (၆၁၀)၊ ဇူလိုင်လတွင် ကန်ဒေါ်လာ (၆၃၆) သန်း၊ ဩဂုတ်လတွင် ကန်ဒေါ်လာ (၆၆၂) သန်း၊ စက်တင်ဘာလတွင် ကန်ဒေါ်လာသန်း (၅၀၀)၊ အောက်တိုဘာလတွင် ကန်ဒေါ်လာ (၃၆၄) သန်း၊ နိုဝင်ဘာလတွင် ကန်ဒေါ်လာ (၃၆၆) သန်း၊ ဒီဇင်ဘာလတွင် ကန်ဒေါ်လာသန်း (၃၆၀)နှင့် ယခုနှစ် ဇန်နဝါရီလ ၂၇ ရက်အထိဒေါ်လာသန်း (၃၆၀) ပို့ကုန်ဝင်ငွေရရှိ ထားခြင်းဖြစ်သည်။

**Source: Popular News Journal**

## မုံရွာမြို့အတွင်း အရောင်းအဝယ်ဖြစ်လျှက်ရှိသော ပဲမျိုးစုံဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေး၊ ကုလားပဲဖြူလုံးကြီးဈေးငြိမ်၍ ပဲကြီး၊ မတ်ပဲ၊ CP ပြောင်းဖူးစေ့၊ ဆန်ပြောင်းဖြူ ၊ 929 ၊ ပဲစင်းငုံဈေးနှုန်းများ ဆက်လက်

မြင့်တက်နေပြီး ကုလားပဲဖြူလုံးသေး အနည်းငယ်ကျဆင်းသွားပါသည်။ ယခုတစ်ပတ်အတွင်း သီးနှံများတစ်တင်းပေါက်ဈေးနှုန်းများမှာ ပဲစင်းငုံ (၆၀၅၀၀)ကျပ်၊ မတ်ပဲ (၅၄၀၀၀-၅၇၅၀၀)ကျပ်၊ ပဲတီစိမ်း(ကြီး) (၅၂၀၀၀)ကျပ်နှင့် ပဲတီစိမ်း(သေး) (၄၄၀၀၀)ကျပ် ပေါက်ဈေးရှိသည်။ ယခင်တစ်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းများမှာ ပဲစင်းငုံတစ်တင်းလျှင် (၅၉၅၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၅၆၀၀၀-၅၇၀၀၀)ကျပ်နှင့် ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၅၂၀၀၀)ကျပ်၊ ပဲတီစိမ်း (သေး) (၄၄၀၀၀-၄၅၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခင်တစ်ပတ်အတွင်း ကာလတူအချိန် နှင့်နှိုင်းယှဉ်ပါက ပဲတီစိမ်းကြီး/သေး ဈေးငြိမ်နေပြီး မတ်ပဲတစ်တင်းလျှင် (၅၀၀)ကျပ်၊ ပဲစင်းငုံ တစ်တင်းလျှင် (၁၀၀၀)ကျပ်နှုန်းမြင့်တက်နေကြောင်းသိရသည်။ ယခုတစ်ပတ် ပဲကြီးတစ်တင်းလျှင် (၈၅၀၀၀)ကျပ်ရှိပြီး ယခင်တစ်ပတ်ကာလတူဈေးနှုန်းများမှာ ပဲကြီး တစ်တင်းလျှင် (၇၇၀၀၀)ကျပ် ရှိ၍ ယခင်ပတ်နှင့်ယခုပတ်နှိုင်းယှဉ်ပါက ပဲကြီးတစ်တင်းလျှင် (၈၀၀၀)ကျပ်မြင့်တက်သွား ကြောင်းသိရသည်။

ကုလားပဲ (မျိုးစုံ)ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၄၅၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး(သစ်) (၆၄၀၀၀) ကျပ်၊ 929(သစ်) (၆၂၀၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၄၅၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး (သစ်) (၆၅၀၀၀) ကျပ်၊ 929(သစ်) (၆၁၈၀၀) ကျပ် ပေါက်ဈေးရှိ၍ယခင်ပတ်အတွင်းကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကုလားပဲဖြူလုံးကြီး ဈေးငြိမ်နေပြီး၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် (၁၀၀၀)ကျပ်နှုန်းကျဆင်း၍၊ 929 ဈေးနှုန်းမှာ အနည်းငယ်မြင့်တက်နေကြောင်း သိရသည်။ ပြောင်းနီ တစ်တင်းလျှင် (၂၈၀၀၀) ကျပ်၊ CPပြောင်းဖူးစေ့ တစ်တင်းလျှင် (၂၂၇၀၀) ကျပ် ပေါက်ဈေးရှိသည်။

ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ CPပြောင်းဖူးစေ့ တစ်တင်းလျှင် (၂၂၅၀၀)ကျပ်၊ ပြောင်းနီ တစ်တင်းလျှင် (၂၅၀၀၀)ကျပ်ရှိ၍ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ပြောင်းနီနှင့် CPပြောင်းဖူးစေ့ဈေးနှုန်းများ မြင့်တက်လာကြောင်းသိရပါသည်။

**Source: ဧေယျာကုန်သွယ်မှုဇဟိုဌာန**

## မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်နေသော ဆီထွက်သီးနှံများ၏ ဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းမျိုးစုံဈေးနှုန်းများ အနည်းငယ်ကျဆင်းနေပြီး မြေပဲလုံးဆန်ဖြူပေါက်ဈေးမှာ မြင့်တက်နေပါသည်။ ယခုတစ်ပတ်အတွင်း နှမ်းဖြူ တစ်တင်းလျှင် (၁၀၀၀၀၀-၉၇၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၉၈၀၀၀)ကျပ်ရှိပြီး၊ ယခင်ပတ် ကာလတူ အချိန်ပေါက်ဈေးနှုန်းများမှာ နှမ်းဖြူ တစ်တင်းလျှင် (၁၀၃၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၁၀၁၀၀၀)ကျပ်ရှိပြီး ယခုတစ်ပတ် ကာလတူနှင့်နှိုင်းယှဉ် ပါက နှမ်းဈေးများအနည်းငယ်ကျဆင်းလာကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်၏ မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့်ဆီဈေးနှုန်းများမှာ လုံးဆန်ဖြူတစ်ပိဿာ (၆၃၀၀-၆၄၀၀)ကျပ်၊ မြေပဲလုံးဆန်နီ တစ်ပိဿာ (၇၁၀၀-၇၂၀၀)ကျပ်၊ ဆီဆန်ဖြူ တစ်ပိဿာ (၅၈၅၀)ကျပ်ရှိပြီး၊ ယခင်အပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ လုံးဆန်ဖြူ တစ်ပိဿာ (၆၁၀၀-၆၃၀၀)ကျပ်၊ မြေပဲလုံးဆန်နီ တစ်ပိဿာ (၆၉၀၀-၇၀၀၀)ကျပ်၊ ဆီဆန်ဖြူ တစ်ပိဿာ(၅၈၀၀) ကျပ်ရှိ၍ ယခင်တစ်ပတ်ကာလတူအချိန် ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီ၊ မြေပဲလုံးဆန်ဖြူ၊ ဆီဆန်ဖြူဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်းသိရသည်။ ယခုအပတ်ဆီဈေးမှာ ပဲဆီတစ်ပိဿာ ၁၂၀၀၀ကျပ် မှ ၁၁၅၀၀ကျပ်ထိ၊ နှမ်းဆီ တစ်ပိဿာ ၁၁၀၀၀ ကျပ်မှ ၁၀၅၀၀ ကျပ်ထိရှိပြီး နှမ်းနှင့်မြေပဲလုံးဆန်များ ဈေးမြင့်လာ၍ ဆီဈေးနှုန်းလည်း မြင့်တက်လာပါသည်။

**Source: ဧေယျာကုန်သွယ်မှုဇဟိုဌာန**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲနှင့်ပဲမျိုးစုံဈေးပြန်တက်လာ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇန်နဝါရီလ တတိယပတ်အထိ မတ်ပဲနှင့်ပဲမျိုးစုံဈေးနှုန်းများ တည်ငြိမ်နေပြီး စတုတ္ထပတ်အတွင်းတွင် ဈေးနှုန်းများ ပြန်တက်လာကြောင်းသိရှိရသည်။ အထူးသဖြင့် မတ်ပဲဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ဝန်းကျင်တွင်ရှိနေရာမှ ဈေးပြန်တက်လာသည်။

တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တစ်တင်းလျှင် ကျပ် ၅၇၅၀၀၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျပ် ၅၈၀၀၀၊ ၂ ရက်နေ့တွင် ကျပ် ၅၉၇၀၀၊ ၃ ရက်နေ့တွင် ကျပ် ၆၀၂၀၀၊ ၄ ရက်နေ့တွင် ကျပ် ၅၈၅၀၀၊ ၅ ရက်နေ့တွင် ကျပ် ၅၉၀၀၀၊ ၆ ရက်နေ့တွင် ၅၉၅၀၀ အသီးသီးဖြစ်ပါသည်။

အခြားပဲမျိုးစုံဈေးနှုန်းများ၏ တစ်ပတ်အတွင်း ဈေးနှုန်းနှိုင်းယှဉ်ချက်မှာ ယခင်သတင်းပတ်အတွင်း ပဲတီစိမ်းဆီပြောင် တစ်တင်းဈေး ကျပ် ၆၅၀၀၀ မှ ယခုသတင်းပတ်အတွင်း ကျပ် ၆၇၀၀၀ ဖြစ်လာသည်။ ပဲလွန်းဖြူဈေးနှုန်း ကျပ် ၄၅၀၀၀ မှ ကျပ် ၄၆၅၀၀၊ ပဲလွန်းနီဈေးနှုန်း ကျပ် ၆၄၀၀၀ မှ ကျပ် ၆၈၀၀၀၊ ပဲတီစိမ်းအနီ ကျပ် ၁၀၀၀၀၀ မှ ကျပ် ၁၁၀၀၀၀၊ ပဲယင်းနီ ဈေးနှုန်းကျပ် ၇၀၀၀၀ မှ ကျပ် ၇၃၅၀၀ အသီးသီး ဈေးမြင့်တက်လာကြောင်း သိရှိရသည်။

မတ်ပဲဈေးနှုန်းသည် ပြည်တွင်းငွေကြေးဈေးနှုန်းကျဆင်းလာခြင်းနှင့်အတူ အဓိကဝယ်လက်နိုင်ငံ၏ ပြည်တွင်းဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ဈေးတက်လာကြောင်းသိရသည်။ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဝယ်လိုအား အတန်အသင့် ရှိနေသော်လည်း မြန်မာမတ်ပဲကို အကန့်အသတ်ဖြင့်တင်သွင်းနေခြင်းကြောင့် ၎င်းတို့၏ လက်ရှိမတ်ပဲဈေးကွက်မှာ ဈေးတန်းမာလျှက်ရှိသည်။ မတ်လ ၁၀-၁၅ ရက်အတွင်းတွင် အိန္ဒိယသို့ မြန်မာမတ်ပဲအဝင်ရှိမည်ဖြစ်ပြီး အိန္ဒိယ နိုင်ငံအချို့ ပြည်နယ်များတွင် အခါမဲ့မိုးရွာသွန်းမှုကြောင့် မတ်ပဲပျက်စီးမှုများလည်းရှိကြောင်းသိရသည်။ မကြာသေးမီက မတ်ပဲ တင်သွင်းမှုများတွင် ပြည်တွင်းကုန်သည်များ အနည်းငယ်နစ်နာမှုရှိခဲ့သဖြင့် လက်ရှိမြန်မာမတ်ပဲတင်သွင်းမှု အားနည်း နေခြင်းဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများကဆိုသည်။

အိန္ဒိယ၏ ပြည်တွင်းစိုက်မတ်ပဲများမှာ လာမည့်အောက်တိုဘာလတွင်မှ ဈေးကွက်ဝင်လာမည်ဖြစ်ပြီး လက်ရှိတွင် မြန်မာ မတ်ပဲနှင့် အိန္ဒိယနိုင်ငံတောင်ပိုင်းမှ မတ်ပဲများကိုအားထားနေရကြောင်းသိရှိရသည်။

မြန်မာမတ်ပဲ စိုက်ပျိုးထုတ်လုပ်မှုတန်ချိန် ၆.၅ သိန်းခန့်နှင့် အိန္ဒိယနိုင်ငံတောင်ပိုင်းမှ မတ်ပဲထွက်ရှိမှုတန်ချိန် ၃.၅-၄ သိန်းခန့်ရှိမည်ဖြစ်ကြောင်း၊ ပြည်တွင်းဝယ်လိုအား ဆက်လက်ခိုင်မာနေမည်ဖြစ်ကြောင် Agri World Mumbai ကဆိုသည်။ ချနိုင်းမတ်ပဲဈေး တစ်ကွမ်တယ်လျှင် အနိမ့်ဈေး Rs 6800–7000 မှ အမြင့်ဈေး Rs 8000–8200 ဖြင့် နောက်ထပ် ၄ လမှ ၆ လ အတွင်း ဆက်လက်ရှိနေမည်ဖြစ်ကြောင်း သိရှိရသည်။

**Source: ရောကုန်သွယ်မှုဗဟိုဌာန**

**မှတ်ချက် ။ (8.2.23) အတွက် Stock Exchane လိုင်းမရ၍ မတင်ခြင်းဖြစ်ပါသည်။**

TIR